# မလ္လကုန်းမီးရထားစက်ခေါင်းဝန်းမှ ဝန်ထမ်းများကို ရဲနှင့်စစ်တပ်တို့က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်ဖမ်းဆီး

ရန်ကုန်၊ မတ် ၁၀

မလ္လကုန်းမီးရထားဝန်းထဲမှ CDM လုပ်ဆောင်နေသော မီးရထားဝန်ထမ်းများကို ယနေ့ နံနက် ၆နာရီခန့်တွင် ရဲနှင့် စစ်တပ်တို့က အင်အားအလုံးအရင်းဖြင့်ဝင်ရောက်ဖမ်းဆီးနေကြောင်း သိရသည်။

စစ်အာဏာသိမ်းမှုကိုဆန်ကျင့်သည့် မလ္လကုန်းမီးရထားစက်ခေါင်းဝန်းမှဝန်ထမ်းများသည် ဖေဖော်ဝါရီလမှစ၍ အာဏာဖီဆန်ရေးလှုပ်ရှားမှုများကိုပြုလုပ်ကာ လုပ်ငန်းခွင်တွင်တာဝန်မထမ်းဆောင်ပဲ စစ်တပ်အာဏာသိမ်းမှုကိုဆန့်ကျင်ခဲ့သည်။

အဆိုပါ CDM လှုပ်ရှားမှုများပြုလုပ်နေသော မီးရထားဝင်ထမ်းများကို ရဲနှင့် စစ်တပ်က အင်အားအလုံးအရင်းဖြင့် မတ်လ ၁၀ရက် နံနက် ၆နာရီခွဲခန့်တွင်ဝင်ရောက်ဖမ်းဆီးနေပြီး ပြည်သူများကိုလည်းဖြတ်သန်းသွားလာခြင်းမပြုပဲ ယင်းမီးရထားဝန်းနှင့် ဆက်နေသည့်ရပ်ကွက်လမ်းများကိုလည်း လမ်းထိပ်များမှ ပိတ်ဆို့တားထားသည်။

မလ္လကုန်းမီးရထားစက်ခေါင်းဝန်းကို ဖေဖော်ရီလအတွင်း လာရောက်ဖမ်းဆီးမှုရှိခဲ့သော်လည်း အနီးရှိရပ်ကွက်မှပြည်သူများလူစုလူဝေးဖြစ်လာ၍ ရဲတပ်ဖွဲ့များပြန်လည်ထွက်ခွာသွားခဲ့သည်။

အာဏာဖီဆန်ရေး CDM လှုပ်ရှားမှုတွင် မြန်မာ့မီးရထားဝန်ထမ်းများ ၉၅ရာခိုင်နှုန်းခန့်ပါဝင်နေကြောင်း ယင်းဝန်ထမ်းအသိုင်းအဝိုင်းထံမှသိရသည်။